စိတ်ကူးချိုချိုအနုပညာ

# TALES OF BIRBAL

Minal Saran & G.E.Wear



အက္ကဘာမင်း၏ အမတ်ကြီး

# ဘာဘောလျှောက်ထုံး ပုံပြင်များ

မောင်ခေတ်ထွန်း

မြန်မာပြန်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com


အက္ကဘာမင်း၏ အမတ်ကြီး

# ဘာဘောလျှောက်ထုံး

## ပုံပြင်များ

မောင်ခေတ်ထွန်း

မြန်မာပြန်



KHIT0021
1,000.00 KS

mgyoe.com

ဘာဘောလျှောက်ထုံးပုံပြင်များ၊ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၁၈ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ဒုတိယအကြိမ်၊ ၁၉၉၂ ယောမင်းကြီးစာပေ၏ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အက္ကဘာမင်း၏အမတ်ကြီး

# ဘာဘောလျှောက်ထုံးပုံပြင်များ

# TALES OF BIRBAL

**Minal Saran & G.E.Wear**

## မောင်ခေတ်ထွန်း

မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဉာဏ်ပညာကြီးမားသည့် ဘာဘော | ၁ |
| ၂။ | ထောပတ်ကုန်သည်နှင့် ရွှေဒင်္ဂါးတစ်ပြား | ၉ |
| ၃။ | နတ်သမီးနှင့်ဘာဘော | ၁၉ |
| ၄။ | အမိုက်မဲဆုံးလူ ၁၀ ယောက် | ၃၂ |
| ၅။ | နွားသိုးနို့ | ၄၄ |
| ၆။ | အဘွားအိုရဲ့ ငွေအိတ် | ၅၄ |
| ၇။ | အပ်ချုပ်သမား ဝူဘို | ၆၆ |
| ၈။ | သူများမကောင်းကြံ ကိုယ်သာခံ | ၇၆ |
| ၉။ | ဘာဘောနှင့် ခိချာဒီ | ၉၀ |
| ၁၀။ | ဘာဘောနှင့် အမှုသုံးခု | ၉၉ |
| ၁၁။ | နာမည်ကြီးချင်သူ | ၁၁၃ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဉာဏ်ပညာကြီးမားသည့် ဘာဘော

တစ်ခါက အိန္ဒိယပြည်တွင် အက္ကဘာအမည်ရှိ ဘုရင်ကြီး စိုးစံနေလေသည်။ သူ့အင်ပါယာနယ်ပယ်သည် ကျယ်ဝန်း၍ တန်ခိုးသြဇာအာဏာသည် ကျယ်ပြန့်လေသည်။ သူသည် ပညာဉာဏ်အမြော်အမြင် ကြီးမားသူလည်းဖြစ်သည်။ ဘုရင်ကြီးသည် ပညာရှင်များကို ကြည်ညိုလေးစားသည်။ ထို့ကြောင့် ပညာရှင်များကို နန်းတော်သို့ခေါ်ယူကာ ချီးမြှင့်မြှောက်စားလေ့ရှိလေသည်။ ကမ္ဘာ့အရပ်ရပ်မှ ကဗျာဆရာများ၊ တေးဂီတပညာရှင်များ၊ ဘာသာရေးဆရာများသည် အက္ကဘာဘုရင်ကြီး၏ နန်းတော်သို့ လာရောက်လေ့ရှိကြသည်။ အက္ကဘာဘုရင်ကြီးသည် နန်းတော်သို့လာရောက်သော ပညာရှင်များအနက် ပညာရှင် ကိုးဦးကို ပိုမိုနှစ်သက်တော်မူသည်။ ထိုပညာရှင် ကိုးဦးတွင် 'ဘာဘော' အမည်ရှိ ပညာရှင်ကို အနှစ်သက်ဆုံးဖြစ်သည်။ ဘာဘောသည် အက္ကဘာဘုရင်ကြီး၏ နန်းတော်သို့ ရောက်ရှိခဲ့ပုံမှာ ဤသို့ဖြစ် သည်။

mgyoe.com

mgyoe.com



ဘာဘောသည် အက္ကဘာဘုရင်ကြီးထံ မခစားမီက ဘုရင်ကြီးအုပ်စိုးသည့် နယူးဒေလီမြို့မှ အလွန်ဝေးလံသော အရပ်ဒေသတွင် နေထိုင်သူဖြစ်သည်။ ဘာဘောသည် ဘုရင်ကြီးကို ဖူးတွေ့လိုသည်။ ဘုရင်ကြီးထံတွင် အမှုတော်ထမ်းရွက်လိုသည်။ နန်းတော်သူ၊ နန်းတော်သား၊ မြို့သူမြို့သားများကို မြင်တွေ့လိုသည်။ ဘာဘောသည် မိုင်ပေါင်းများစွာ သွားလာဖြတ်သန်းပြီး နောက်ဆုံးတွင် အက္ကဘာဘုရင်ကြီး စိုးစံသည့် နယူးဒေလီမြို့တော်သို့ ဆိုက်ရောက်လာခဲ့သည်။ သူသည် ခရီးကြမ်းကို နှင်လာရသူဖြစ်၍ မောပန်းနွမ်းနယ်လျက်ရှိသည်။ သို့သော် ဘုရင်ကြီး၏မြို့တော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပြီဖြစ်၍ ပျော်ရွှင်ဝမ်းသာလျက်ရှိသည်။ ထိုသို့ဖြင့် ဘာဘောသည် မြို့တံခါးဝသို့ ရောက်ရှိလာလေသည်။

ထိုစဉ် တံခါးမှူးက သူ့အား ရပ်တန့်စေ၍ ‘‘အသင်ဘယ်ကို သွားမလို့လဲ’’ဟု ဆီးမေးသည်။ ဘာဘောကလည်း ဘုရင်ကြီးကို ဖူးတွေ့လို၍ လာရခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ထိုအခါ တံခါးမှူးက -

‘‘သင် ဒီလိုလွယ်လွယ်ကူကူနဲ့ဝင်လို့ ဘယ်ရမလဲ’’ဟု ပြောဆိုသည်။ ဘာဘောက သူသည် ခရီးဝေးမှ လာရသူဖြစ်၍ အလွန်မောပန်းနွမ်းနယ်လျက်ရှိကြောင်းဖြင့် ဝင်ခွင့်ပြုပါရန် အတန်တန် တောင်းပန်ပြောဆိုသည်။ သို့သော် အချည်းနှီးပင်။ တံခါးမှူးသည် ဘာဘောထံမှ တံစိုးလက်ဆောင်အဖြစ် ငွေကြေးရယူလို

mgyoe.com

mgyoe.com



သည်။ ထို့ကြောင့် တံခါးမှူးသည် ဘာဘောအား -

“သင့်ကို ဝင်ခွင့်ပေးမယ်။ ကျွန်ုပ်ကို ဘာပေးမလဲ”ဟု တောင်းဆိုလေသည်။

သို့သော် ဘာဘောတွင် ငွေမရှိ။ တံစိုးလက်ဆောင်အဖြစ် ပေးစရာပစ္စည်းလည်း တစ်စုံတစ်ရာမရှိ။ သို့သော် ဘာဘောသည် ဉာဏ်အမြော်အမြင် ကြီးမားသူဖြစ်၍ တံခါးမှူးအား ချက်ချင်းပင် -

“ယခု ကျွန်ုပ်မှာ သင့်ကိုပေးစရာ ငွေနှင့်ပစ္စည်း တစ်စုံတစ်ရာ မရှိပါ။ ဒါပေမယ့် တကယ်လို့ ကျွန်ုပ်ကို ဘုရင်ကြီးက နှစ်သက်တော်မူလို့ ဆုတော်လာဘ်တော်တွေ ပေးသနားတော်မူရင် ကျွန်ုပ်ရရှိတဲ့ ဆုတော်လာဘ်တော်တွေကို သင့်ကို တစ်ဝက်ခွဲဝေပေးဖို့ ကျွန်ုပ် ကတိ ပြုပါတယ်။ ကျွန်ုပ်ကို ဝင်ခွင့်ပေးပါ”ဟု ပြောဆိုသည်။

တံခါးမှူးသည် ဘာဘော၏စကားကိုကြားသော် ကျေနပ်စွာဖြင့် သဘောတူလိုက်ကာ ဘာဘောအား နန်းတော်သို့ ဝင်ခွင့်ပြုလိုက်လေသည်။ ထိုသို့ဖြင့် ဘာဘောလည်း နန်းတော်ထဲသို့ ရောက်ရှိသွားလေသည်။ ဘာဘော၏ ပညာဉာဏ် အမြော်အမြင် ကြီးမားပုံကို သိရ၍ ဘုရင်ကြီးသည် ဘာဘောအား သဘောကျကာ များစွာ နှစ်သက်တော်မူသည်။ ဘာဘောသည် ဘုရင်ကြီးအား ပုံတိုပတ်စများ၊ ဟာသများကို ပြောတတ်လေ့ရှိသည်။ တစ်နေ့တွင် ဘုရင်ကြီးသည် ဘာဘောအား အလွန်နှစ်သက်

mgyoe.com

mgyoe.com



သဘောတွေ့ကာ ဘာဘောအား "ငါကိုယ်တော်မြတ် ဒီနေ့ သိပ် ပျော်တယ်။ တစ်ခါမှ ဒီလိုပျော်ရွှင်မှုမျိုး မကြုံခဲ့ဖူးဘူး။ ဆုတော် အဖြစ် သင်လိုချင်တာပြော ငါပေးမယ်"ဟု မိန့်တော်မူလေသည်။

ထိုအခါ ဘာဘောက ဘုရင်ကြီးအား "အရှင်မင်းကြီး ကျွန်တော်မျိုးကို အရှင်မင်းကြီး ဆုတော်အဖြစ် ပေးသနားတော် မူမယ်ဆိုရင် ကျွန်တော်မျိုး ကြိမ်ဒဏ်တစ်ရာဆုကိုသာ လိုချင်ပါ တယ်"ဟု လျှောက်တင်သည်။

ဘာဘောသည် ဆုတော်လာဘ်တော်အဖြစ် တခြား အဖိုး တန် စိန်ရွှေရတနာပစ္စည်းများကို မတောင်းခံဘဲ ကြိမ်ဒဏ်ကိုသာ တောင်း၍ ဘာဘော၏စကားကိုကြားသော် ဘုရင်ကြီးနှင့် ပြည်သူ ပြည်သားများသည် များစွာ အံ့သြသွားကြလေသည်။

အဂ္ဂဘာဘုရင်ကြီးသည် ဘာဘောအား ဤဆုမျိုး မတောင်းရန် အတန်တန်ပြောဆိုသည်။ တခြားဆုကိုသာ တောင်း ဆိုရန် ပြောဆိုနေရှာသည်။ သို့သော် မရချေ။ ဘာဘောသည် ကြိမ်ဒဏ်ဆုကိုသာ အတွင်တွင်တောင်းနေလေသည်။

ဘာဘောက ဘုရင်ကြီးအား "အရှင်မင်းကြီး ဒီလိုဆုမျိုး တောင်းတာ ကျွန်တော်မျိုးတစ်ဦးတည်းသာ ရှိမယ်ဆိုတာ ကျွန် တော်မျိုး သိပါတယ်။ အရှင်မင်းကြီးပေးထားတဲ့ ကတိအတိုင်းသာ ကျွန်တော်မျိုးကို ကြိမ်ဒဏ်တစ်ရာ ပေးသနားတော်မူပါ"ဟု လျှောက်တင်လေသည်။

ကြိမ်ဒဏ်သည် အပြစ်ခံရသူကိုသာ ပေးခြင်းဖြစ်၏။ ထို့

mgyoe.com

mgyoe.com



ကြောင့် အက္ကဘာဘုရင်ကြီးသည် ပထမတွင် သဘောမတူညီချေ။

နန်းတွင်းသားတစ်ဦးက ရယ်မောကာ "ကြိမ်ဒဏ်ပေးခြင်းဟာ သူ့ကို စိတ်ပြောင်းလဲပြီး ပညာဉာဏ်ကြီးမယ်လို့ ထင်နေသလား မသိဘူး"ဟု ပြောဆိုလေသည်။

ထိုအခါ ဘာဘောက အဆိုပါ နန်းတွင်းသားဘက်သို့ လှည့်၍ -

"အသင်ပြောတာ မှန်တယ်။ ဆရာဟာ တပည့်တွေကို တစ်ခါတစ်ရံ ရိုက်ရတာ လိမ္မာဖို့မဟုတ်လား။ တချို့လူတွေဟာ ရိုက်မှနာမှ လိမ္မာကြတယ်။ နောင်ကြဉ်ကြတယ်"ဟု ပြောဆိုလေသည်။

နောက်ဆုံးတွင် အက္ကဘာဘုရင်ကြီးက ဘာဘောသည် သူ့ဆုံးဖြတ်ချက်ကို ပြင်မည့်သူမဟုတ်ဟု သိရှိသွားပြီး ဘာဘောအား ရူးသွပ်သွားပြီဟူ၍ ယူဆသွားလေသည်။ ထို့နောက် ဘုရင်ကြီးသည် သူ့ကတိအတိုင်း အာဏာသားများအား ဘာဘောကို ကြိမ်ဒဏ်ပေးရန် အမိန့်ပေးလိုက်လေသည်။ ဘာဘောသည် ကြိမ်ဒဏ်ငါးဆယ်ပြည့်သည်အထိ အရိုက်ခံပြီးသော် အာဏာသားများအား "ဟိုး...ဟိုး..ရပ်...ရပ်"ဟု အော်ပြောလိုက်လေသည်။

ထိုအခါ ဘုရင်ကြီးက ဘာဘောအား "အသင်...စိတ်ပြောင်းသွားပြီ မဟုတ်လား။ ဒါ့ကြောင့် ဒီကြိမ်ဒဏ်ဆုကို မယူပါနဲ့လို့ ပြောတာပေါ့"ဟု ဘုရင်ကြီးက ပြုံး၍ ပြောသည်။

ဘာဘောက ဘုရင်ကြီးအား "အရှင်မင်းကြီး ကျွန်တော်

mgyoe.com

mgyoe.com



မျိုး လူတစ်ယောက်ကို ကတိပေးထားတာတစ်ခု ရှိပါတယ်။ အဲဒါက ဘာလဲဆိုရင် ကျွန်တော်မျိုးရမယ့် ဆုတော်ငွေတစ်ဝက်ကို ပေးပါ့မယ်ဆိုတဲ့ ကတိစကားပါပဲ။ ဒါကြောင့် သူ့ကို ဒီနန်းတော်ထဲကို ခေါ်ယူခွင့်ပြုပါ။ ကျန်တဲ့ ကြိမ်ဒဏ်အချက်ငါးဆယ်ကို အဲဒီမိတ်ဆွေကိုသာ ပေးပါတော့''ဟု ဆိုလေသည်။ ဘုရင်ကြီးက ခွင့်ပြုသည်။ ဘာဘော သည် မြို့တံခါးဂိတ်ဝသို့ သွားရောက်၍ တံခါးမှူးကို ရှာဖွေသည်။ တံခါးမှူးကို အဆင်သင့် တွေ့ရှိသည်။

ထိုသို့ဖြင့် တံခါးမှူးသည် ဘုရင့်ရှေ့တော်သို့ ရောက်ရှိလာလေသည်။ ဘုရင်ကြီးသည် တံခါးမှူးကိုမြင်သော် အလွန်အံ့အားသင့်သွားသည်။ ထို့ကြောင့် ဘာဘောအား ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းသည်။

ထိုအခါ ဘာဘောက ဘုရင်ကြီးအား- -

''အရှင်မင်းကြီး ကျွန်တော်မျိုး မြို့တံခါးဝသို့ ရောက်ရှိစဉ်က တံခါးမှူးနဲ့ အရင်တွေ့ရပါတယ်။ သူက ပထမ ဝင်ခွင့်မပြုဘူး။ ငွေကြေး၊ ဒါမှမဟုတ် တစ်စုံတစ်ရာ လာဘ်ထိုးမှ ဝင်ခွင့်ပြုမယ်လို့ ဆိုပါတယ်။ အဲဒီအချိန်က ကျွန်တော်မျိုးမှာလည်း ငွေကြေးလည်းမရှိ၊ ပစ္စည်းတစ်စုံတစ်ရာပေးစရာလည်း မရှိခဲ့ပါဘူး။ ဒါ့ကြောင့် ကျွန်တော်မျိုးက သူ့ကို အကယ်၍ ဘုရင်ကြီးဆီက ဆုတော်လာဘ်တော် တစ်ခုခုရရင် ပေးပါ့မယ်။ အခုတော့ ဝင်ခွင့်ပြုပါလို့ ပြောဆိုတောင်းပန်မှ ကျွန်တော်မျိုးကို အထဲသို့ ဝင်ခွင့်ပြုပါတယ်''ဟု ပြောဆိုသည်။

mgyoe.com

mgyoe.com



ဘုရင်ကြီးက ဘာဘောအား "ဒါဖြင့် တစ်ခုခုပေးမှ အထဲကို ဝင်ရမယ်ဆိုတဲ့ သဘောပေါ့"ဟု မေးသည်။

ဘာဘောက "မှန်ပါတယ်။ သူစိမ်းတစ်ဦးဦး မြို့ထဲသို့ဝင်ရင် ငွေ၊ ဒါမှမဟုတ် တစ်ခုခုပေးရမယ်တဲ့။ ဒါဟာ ထုံးစံပဲလို့ ပြောပါတယ်"ဟု ဖြေသည်။

နန်းတော်သို့ ရောက်ရှိလာကြကုန်သော လူများကလည်း သူတို့သည် မြို့တံခါးဂိတ်ဝ အဝင်တွင် တံခါးမှူးအား လာဘ်ပေးခဲ့ရကြောင်းဖြင့် အသီးသီး ပြောဆိုလျှောက်ထားကြကုန်သည်။

အက္ကဘာဘုရင်ကြီးသည် လူအသီးသီး၏ ပြောဆိုလျှောက်ထားချက်ကိုကြားသော် အလွန်ပင် စိတ်ဆိုးဒေါသဖြစ်သွားလေသည်။ ဘုရင်ကြီးသည် အာဏာသားများအား "ကဲ...ဒီကောင့်ကို ဘာဘောရရှိတဲ့ ဆုတော်တစ်ဝက် ချီးမြှင့်ရမယ်"ဟု ပြောဆိုလေသည်။



mgyoe.com

mgyoe.com



ထို့နောက် ဘုရင်ကြီးက အာဏာသားများအား တံခါးမှူး ကို ကြိမ်ဒဏ်အချက်ငါးဆယ် နာနာရိုက်ရန် အမိန့်ပေးလေသည်။ တံခါးမှူး လည်း နာကျင်လှသဖြင့် အော်မြည်ငိုကြွေးလေသည်။ အဘယ့်ကြောင့် ကြိမ်ဒဏ်အပြစ်ပေး အရိုက်ခံရသည်ဆိုသည်ကို လည်း မသိချေ။ ဘုရင်ကြီးအား သူ့တွင် မည်သို့သော အပြစ်ရှိ၍ အပြစ်ပေးရသည်ဆိုသည်ကို လျှောက်တင်မေးမြန်းလေသည်။

ထိုအခါ ဘာဘောက တံခါးမှူးဘက်သို့လှည့်၍ "အသင် ကျွန်ုပ်ကို မှတ်မိရဲ့လား။ ဂိတ်ဝင်ခါနီးမှာ ပထမ သင်ဟာ ကျွန်ုပ်ကို ဝင်ခွင့်မပြုဘူးလေ။ ကျွန်ုပ်က ဘုရင်ကြီးဆီက ဆုတော် ရရင် တစ်ဝက်ပေးမယ်ဆိုမှ အသင် ကျွန်ုပ်ကို ဝင်ခွင့်ပြုတယ် မဟုတ်လား။ အခု ကျွန်ုပ် ဘုရင်ကြီးဆီက ဆုတော်လာဘ်တော် အဖြစ် ကြိမ်ဒဏ်တစ်ရာ ရရှိခဲ့တယ်။ အဲဒီကြိမ်ဒဏ်တစ်ရာထဲက ကျွန်ုပ် တစ်ဝက်ယူပြီးပြီ။ သင်တစ်ဝက်ယူဖို့ပဲ ကျန်တော့တယ်။ သင်ဟာ ကြိမ်နဲ့ရိုက်မှ သင့်ရဲ့မိုက်မဲမှုတွေ ပျောက်လိမ့်မယ်"ဟု ပြောဆိုလေသည်။ ထိုအခါ ဘုရင်ကြီးနှင့် နန်းတော်သူ နန်းတော် သားများသည် ဘာဘော၏ ဉာဏ်ပညာကို ချီးမွမ်းကုန်ကြလေ သည်။ ဘုရင်ကြီးလည်း ဘာဘောအား ရွှေ၊ ငွေ၊ ပစ္စည်းဉစ္စာ ရတနာများနှင့် မြေယာများကို ဆုတော်အဖြစ် ချီးမြှင့်ပြီး နန်းတော် ၌ပင် အမှုထမ်းရွက်ရန် မိန့်တော်မူလေသည်။

**[ Birbal enters Akbar's court. ]**

□

mgyoe.com

mgyoe.com

# ထောပတ်ကုန်သည်နှင့် ရွှေဒင်္ဂါးတစ်ပြား

တစ်ခါက အိန္ဒိယပြည် အဂ္ဂဘာဘုရင်ကြီးထံတွင် ဘာဘော အမည်ရှိ ပညာတတ်တစ်ဦးရှိလေသည်။ ဘာဘောသည် ခက်ခဲနက်နဲသော မည်သည့်ပြဿနာကိုမဆို ဖြေရှင်းနိုင်စွမ်း ရှိလေသည်။ တစ်နေ့တွင် ထောပတ်ကုန်သည်တစ်ဦးသည် ပညာရှိ ဘာဘောထံသို့ ရောက်ရှိလာလေသည်။ ထောပတ်ကုန်သည်သည် ဘာဘောအား "အို…အရှင်၊ ကျွန်တော်မျိုးထံ မိတ်ဆွေတစ်ယောက်က သူငွေလိုအပ်နေလို့ဆိုပြီး ရူပီးငွေတစ်ထောင် လာချေးပါတယ်။ ကျွန်တော်မျိုးကလည်း သူ့ကို အလွယ်တကူပဲ ရူပီးငွေတစ်ထောင်ကို ချေးငှားလိုက်ပါတယ်။ အခု ကျွန်တော်က အကြွေးကိုပြန်တောင်းတော့ သူက မယူပါဘူးလို့ ငြင်းနေပါတယ်။ ဒါကြောင့် အရှင့်ဆီ ဒီပြဿနာကို ဖြေရှင်းပေးဖို့ လာရောက်ရခြင်းဖြစ်ပါတယ်"ဟု ပြောကြားလေသည်။

ထိုအခါ ဘာဘောက တောပတ်ကုန်သည်အား "သင် သူ့ဆီက ငွေလက်ခံစာ ရယူမထားဘူးလား။ ဒါမှမဟုတ် ငွေကို

mgyoe.com

mgyoe.com


သူ့ကိုပေးတုန်းက အနီးမှာ အသိသက်သေတစ်ယောက်ယောက် မရှိဘူးလား''ဟု မေးသည်။

ထောပတ်ကုန်သည်က ''ငွေလက်ခံစာလည်း သူ့ဆီက ရယူမထားပါဘူး။ အသိသက်သေလည်း မရှိပါဘူး။ ကျွန်တော်မျိုးမှာ ဒါနဲ့ပတ်သက်လို့ သက်သေပြစရာ ဘာမျှ မရှိပါဘူး။ ကျွန်တော်မျိုးတို့ ကုန်သည်ဆိုတာ တစ်ဦးနဲ့တစ်ဦး အကူအညီလိုရင် ဒီလိုပဲ အကူအညီပေးကြပါတယ်။ ဘာအထောက်အထားမှ မလိုပါဘူး။ တစ်ဦးကိုတစ်ဦး ယုံကြည်မှုသာ အဓိကပါ။ ကျွန်တော်မျိုးပြောတာတွေဟာ အမှန်ပါ။ ဘုရားသခင်ကသာ အသိဆုံးပါ။ အခုအခါမှာတော့ ကျွန်တော့်မိတ်ဆွေဟာ ကတိမတည်တဲ့လူတစ်ယောက်၊ လူလိမ်လူ ညာတစ်ယောက် ဖြစ်သွားပါပြီ''ဟု ဆိုလေသည်။

ဘာဘောက ထောပတ်ကုန်သည်အား ''ကဲ…အခုသင်ပြောတဲ့စကားတွေ အားလုံးရေးပြီး လက်မှတ်ထိုးခဲ့။ ဒီပြဿနာကို ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားရဦးမယ်''ဟု ပြောဆိုလေသည်။

ထောပတ်ကုန်သည်လည်း ဘာဘောကို ပြောခဲ့သည့် စကားအတိုင်းရေးကာ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးသည်။ ထို့နောက် သူ့အိမ်သို့ ပြန်သွားလေသည်။

ဘာဘောသည် ပိုက်ဆံချေးငှားယူသူဟုဆိုသည့် ထောပတ်ကုန်သည် နောက်တစ်ယောက်ကို ခေါ်ယူလိုက်သည်။

mgyoe.com

mgyoe.com



ထိုသူသည် ဘာဘောထံသို့ ရောက်သောအခါ အားရဝမ်းသာစွာဖြင့် ''ပညာရှိကြီးနဲ့ တွေ့ဆုံရတာ ကျွန်တော်မျိုးအတွက် ကုသိုလ်ကံကောင်းတဲ့နေ့ပဲ''ဟု ဆိုလေသည်။ သို့သော်ဘာဘောသည် ပိုက်ဆံချေးလိုက်သည်ဟုဆိုသည့် ကုန်သည်လက်မှတ်ရေးထိုးထားသည့် စာကို ထိုသူအား ပြလိုက်သည်။

ထိုဒုတိယပုဂ္ဂိုလ်သည် စာကိုဖတ်ပြီးသော် ဝမ်းနည်းသွား၏။ ထို့နောက် ''လောကကြီးဟာ တော်တော် မတရားပါကလား။ တော်တော်ဆိုးပါကလား။ ကျွန် တော်မျိုးရဲ့မိတ်ဆွေတောင် မကောင်းတော့ပါကလား''ဟု ဆိုလေသည်။

ထိုအခါ ဘာဘောက ''လောကကြီးက ကောင်းပါတယ်။ မဆိုးပါဘူး။ အဲဒီစာရေးသွားတဲ့ကုန်သည်ဟာ သင့်ကို တစ်ခါမျှငွေမချေးဖူးဘူးလား''ဟု မေးသည်။

ထိုကုန်သည်က ''မချေးဖူးပါဘူး။ ကျွန်တော်ကသာသူ့ကို အမြဲကူညီနေရပါတယ်။ ဒါကို ကျေးဇူးမတင်ဘဲ ကျွန်တော်မျိုးကို ပြန်ပြီး ကျေးစွပ်တဲ့သဘောပဲ။ ကျေးဇူးကန်းတဲ့သဘောပဲ။ ကျွန်တော်မျိုးဆိုင်က ရောင်းကောင်းပြီး သူ့ဆိုင်က ရောင်းမကောင်းလို့ ကျွန်တော်မျိုး အောင်မြင်မှုကို မနာလိုဖြစ်ပြီး ကျွန်တော်မျိုးကို ချောက်တွန်းတာဖြစ်ရမယ်''လို့ ပြန်လည်ပြောဆိုလေသည်။

ထိုအခါ ဘာဘောက ''သင်ပြောသမျှအားလုံးဟာ သူရေးထားတာနဲ့ လုံးလုံးခြားနားနေပါလား''ဟု ဆိုသည်။

mgyoe.com

mgyoe.com


ကုန်သည်က "မှန်ပါတယ်။ ကျွန်တော်မျိုးဟာ သူ့ငွေကို ချေးငှားဖို့ နေနေသာသာ ထိတောင်မထိခဲ့ဖူးပါဘူး။ သူဟာ တကယ်လို့ ကျွန်တော်မျိုးကို ဒီလောက်များပြားတဲ့ ငွေတွေ ချေးငှားခဲ့ရိုးမှန်ရင် သူ့မှာ ငွေချေးငှားကြောင်း လက်ခံပြေစာ ရှိရမှာပေါ့"ဟု ပြောဆိုသည်။

ဘာဘောက "သူ့ဆီမှာ ပြေစာလည်းမရှိဘူး။ သက်သေပြစရာလည်း မရှိဘူးလို့ ပြောတယ်"ဟု ပြန်ပြောသည်။

ထိုအခါ ကုန်သည်က ဘာဘောအား "ဒါဆို ရှင်းပြီပေါ့ ဆရာရယ်။ သူရေးထားချက်တွေဟာ ဘယ်မှန်ကန်ပါ့မလဲ။ ဒါ ကျွန်တော့်ကို စော်ကားတာပဲ။ သိက္ခာချတာပဲ။ ဒုက္ခရောက်အောင် လုပ်တာပဲ"ဟု ဒေါသတကြီး ပြောဆိုသည်။

ဘာဘောက "ကျွန်ုပ်အနေနဲ့ သူပြောပြချက်အရ ခင်ဗျားကို မေးမြန်းရတာပါ။ ခင်ဗျား စိတ်ဒုက္ခရောက်ရတာ ကျုပ်စိတ်မကောင်းပါဘူး။ ကျွန်ုပ်လည်း ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာ မသိတော့ပါဘူး"ဟု ပြောဆိုလေသည်။

ထို့နောက် ဒုတိယကုန်သည်လည်း ထွက်ခွာသွားလေသည်။

နောက်တစ်နေ့တွင် ဘာဘောသည် ထောပတ် သံဘူးကြီး နှစ်ခုကို ယူလာခဲ့သည်။ သူသည် ထောပတ်ဘူးနှစ်ဘူးအနက် တစ်ဘူးကို ပထမကုန်သည်အား ပေးပြီး ထိုထောပတ်ဘူးမှာ သိပ်မကောင်းတော့၍ ရောင်းချပေးရန်နှင့် ငွေကို နောက်မှပေးရန်

mgyoe.com

mgyoe.com


ပြောလေသည်။ ထို့နောက် ဘာဘောသည် ဒုတိယကုန်သည်ထံ သွားရောက်ပြီး ပထမကုန်သည်နည်းတူ ပြောဆိုကာ ထောပတ်ဘူးကို ပေးခဲ့လေသည်။

ကုန်သည်နှစ်ဦးသည် မိမိတို့အိမ်အသီးသီးသို့ ရောက်သော် ထောပတ်ဘူးများကို အိုးထဲတွင်ထည့်၍ ကျိုလေသည်။ ထိုအခါ ၁၅ ရူပီး ငွေတန်ဖိုးရှိသည့် ရွှေဒင်္ဂါးတစ်ပြားသည် ထောပတ်သံဘူး၏ဖင်တွင် ကပ်နေသည်ကို တွေ့မြင်ကြရလေသည်။ ပထမကုန်သည်သည် ရွှေဒင်္ဂါးပြားကို တွေ့တွေ့ချင်း ဘာဘောထံသို့ ပြေးလာပြီး -

"ဆရာကြီး...ခင်ဗျားထောပတ်ဘူးရဲ့ဖင်မှာ ရွှေဒင်္ဂါးတစ်ပြား ကပ်နေတာကို တွေ့လို့ ပြန်လာပေးတာပါ။ ဆရာကြီး မေ့ပြီးကျန်ခဲ့တာဖြစ်မှာပါ"ဟုဆိုကာ ရွှေဒင်္ဂါးကို ဘာဘောအား ပြန်လည်ပေးအပ်လိုက်လေသည်။

ဘာဘောလည်း ပထမကုန်သည်အား ကျေးဇူးတင်ကြောင်း ပြောဆိုကာ ဤသူသည် ရိုးသားသူအမှန်ဖြစ်ကြောင်း မှတ်ချက်ချလိုက်လေသည်။

ဒုတိယကုန်သည်ကမူ ထောပတ်ဘူးဖင်တွင် ကပ်နေသော ရွှေဒင်္ဂါးကိုမြင်သော် ချက်ချင်းပင် အငမ်းမရ ယူဆောင်လိုက်သည်။ ထို့နောက် သူ့သားအား ခေါ်လိုက်ကာ "ငါ ထောပတ်ဘူးဖင်မှာ ရွှေဒင်္ဂါးတစ်ပြားတွေ့လို့ ရယူလာခဲ့တယ်။ ဒီရွှေဒင်္ဂါးကို မင်း သေသေချာချာသိမ်းထား။ ငါလိုတဲ့အခါတောင်းမယ်"ဟု

mgyoe.com

mgyoe.com



ပြောဆိုပြီး ရွှေဒင်္ဂါးကို သူ့သားအား ပေးအပ်လိုက်လေသည်။

ထိုသို့ဖြင့် ထောပတ်ကုန်သည်နှစ်ဦးသည် ထောပတ်များကို အသီးသီးရောင်းချကြလေသည်။ ထောပတ်များ ရောင်းချပြီးသော် ဘာဘောထံသို့ ရောက်ရှိလာ၍ ထောပတ်ရောင်းရငွေများကို ပေးအပ်ကြလေသည်။ ဘာဘောလည်း ပထမကုန်သည်အား ကျေးဇူးတင်စကား ဆိုသည်။ ပထမကုန်သည် ထွက်ခွာသွားသော် ဘာဘောသည် ဒုတိယကုန်သည်အား -

"သံဘူးကြီးထဲမှာ ထောပတ်ပေါင် ၁၂၄ ပေါင် ခန့်ရှိတာ အခု သင်ပေးတဲ့ငွေက ၈၂ ပေါင်အတွက်သာ ပေးထားတယ်။ ဘယ်လိုကြောင့်ပါလဲ"ဟု မေးသည်။

ထိုအခါ ဒုတိယကုန်သည်က ဘာဘောအား "ဒါက ဒီလိုပါဆရာကြီး။ ထောပတ်ထည့်တဲ့ သံဘူးက အလေးချိန် ၈၂ ပေါင်ခွဲရှိပါတယ်။ ထောပတ်ကို အပူမပေးမီ ကျွန်တော်ကိုယ်တိုင် ချိန်ကြည့်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်သားဟာ အနားမှာရှိနေပါတယ်"ဟု ဆိုသည်။

ဘာဘောကလည်း "အေး...အေး၊ ငါမှားသွားတာနဲ့ တူပါတယ်။ ခဏကလေးစောင့်နော်"ဟု ဆိုကာ အခန်းတစ်ခန်းသို့ ဝင်သွားလေသည်။ ထို့နောက် သူ့အမှုထမ်းတစ်ဦးအား ဒုတိယကုန်သည်၏လိပ်စာကို ပေး၍ -

"ဒီကုန်သည်ရဲ့သားကို သွားခေါ်ပြီး မင်းအဖေက ထောပတ်ဘူးရဲ့ဖင်မှာ တွေ့ခဲ့တဲ့ ရွှေဒင်္ဂါးကို ပြန်လိုချင်လို့ ဒီမှာ

mgyoe.com

mgyoe.com



လာပေးလှည့်ပါလို့ ပြောချေ''ဟု စေလွှတ်လိုက်လေသည်။

မကြာမီ အမှုထမ်းသည် ဒုတိယကုန်သည်၏ သားကို ခေါ်ဆောင်ကာ ဘာဘောထံသို့ ရောက်ရှိလာသည်။ ဒုတိယကုန်သည်သည် သူ့သားကိုမြင်တွေ့သော် များစွာ အံ့အားသင့်သွားလေသည်။

ဘာဘောက ကုန်သည်၏သားအား ''မင်းမှာ ရွှေဒင်္ဂါး ရှိတယ် မဟုတ်လား''ဟု မေးလေသည်။

ထိုအခါ ကုန်သည်၏သားက ဘာဘောအား ''မှန်ပါတယ်။ ကျွန်တော်မျိုးဆီမှာ ရွှေဒင်္ဂါးရှိပါတယ်''ဟု ဆိုကာ အိတ်ထဲမှ ရွှေဒင်္ဂါးပြားကို ဘာဘောအား ပေးအပ်လိုက်လေသည်။



mgyoe.com

mgyoe.com


ဘာဘောက လူငယ်အား “ဒီတစ်ပြားတည်းပဲလား၊ မင်းအဖေပြောတော့ သံဘူးဖင်က ရွှေဒင်္ဂါးနှစ်ပြား ရခဲ့တယ်ဆို။ မင်းဆီမှာ နှစ်ပြားရှိရမှာပေါ့”ဟု ဆိုသည်။

ထိုအခါ ကုန်သည်၏သားသည် စိတ်ဆိုးမာန်ဆိုးဖြင့် သူ့ဖခင်အား “အဖေ ဘယ်လိုပြောလိုက်တာတုံး။ ဘယ်မှာ ရွှေဒင်္ဂါးနှစ်ပြားရခဲ့ပြီး အပ်ခဲ့လို့လဲ။ အဖေပဲ ရွှေဒင်္ဂါးတစ်ပြားတည်းရလို့ ကျွန်တော့်ကို အပ်ထားခဲ့တာ မဟုတ်လား။ အဖေ မေ့သွားပြီလား”ဟု မေးလေသည်။

ဒုတိယကုန်သည်လည်း သူ့ကို ရွှေဒင်္ဂါးပြား ထောင်ဖမ်းမှန်း ရိပ်မိသွားလေသည်။ သူ့လိမ်ညာမှု ပေါ်သွားမှန်းသိ၍ စိတ်လှုပ်ရှားကာ ဂနာမငြိမ်ဖြစ်နေလေသည်။ သို့သော် သူသည် ဣန္ဒြေပြန်ဆည်ကာ သူ့လိမ်ညာမှု လွတ်ရာလွတ်ကြောင်း ကြံဖန်လီဆယ်၍ သူ့သားအား “မင်း ရူးနေသလား။ ဘယ်သူကများ ထောပတ်သံဘူးဖင်မှာ ရွှေဒင်္ဂါးကပ်ဖူးလို့လဲ”

ဟု အော်ငေါက်ကြိမ်းမောင်း ပြောဆိုလေသည်။

ကုန်သည်ကြီး၏သားသည် သူ့ဖခင်၏စကားကို ကြားသော် များစွာ အံ့ဩသွားသည်။ ထို့နောက် သူ့ဖခင်အား -

“အဖေ ဘယ်လိုဆိုလိုက်တာလဲ။ အဲဒီနေ့ အဖေ ထောပတ်တွေကျိုတုန်းက ထောပတ်ဘူးအောက်မှာ ရွှေဒင်္ဂါးတစ်ပြား ကပ်နေလို့ အဖေပဲ ယူထားတယ်လေ။ အဖေပဲ ကျွန်တော့်ကို အဲဒီရွှေဒင်္ဂါးကို သိမ်းခိုင်းထားတာ အဖေမေ့နေပြီလား”

mgyoe.com

mgyoe.com



ဟု ပြောဆိုလေသည်။

ကုန်သည်ကြီးက သူ့သားအား ''မင်း အိပ်မက် မက်နေတာဖြစ်ရမယ်။ မင်းကို ရွှေဒင်္ဂါးတစ်ပြား အပ်ထားတာမှန်တယ်။ အဲဒီ ရွှေဒင်္ဂါးပြားက ငါ့ဆိုင်ကိုလာတဲ့ ကုန်သည်တစ်ဦးဆီကရတဲ့ ရွှေဒင်္ဂါးကွ သိရဲ့လား''ဟု အော်ငေါက်ကာ ပြောဆိုလေသည်။

ထိုအခါ ဘာဘောသည် ကုန်သည်ကြီးအား ''ဒါ အိပ်မက် မက်နေတာ မဟုတ်ဘူး။ ကျွန်ုပ်ကိုယ်တိုင် ထောပတ်ဘူးဖင်အောက်မှာ ရွှေဒင်္ဂါးထည့်လိုက်ပြီး သင်ရိုးသားမှုရှိမရှိ စမ်းသပ်လိုက်တာဖြစ်တယ်''ဟု ပြောဆိုလိုက်လေသည်။

ဘာဘော၏စကားကိုကြားသော် ကုန်သည်ကြီး လိမ်ညာဖုံးကွယ်၍မရမှန်း သိရှိသွားကာ''ဟာ..ဟာ...ကျွန်တော်မေ့နေတာပါ။ ဟုတ်သားပဲ။ သူတစ်ပါးရဲ့ ငွေကို ဘယ်ယူထားလို့ဖြစ်ပါ့မလဲ။ ဟေ့..ငါ့သား အရှင်ဘာဘောကို ရွှေဒင်္ဂါးပြန်ပေးလိုက်ပါ''ဟု ပြောဆိုသည်။

ဘာဘောသည် ကုန်သည်ကြီး၏သားထံမှ ရွှေဒင်္ဂါးကိုယူလိုက်ပြီး ကုန်သည်ကြီးအား ''သင်က ကျွန်ုပ်ကို ကျွန်ုပ်ရဲ့ရွှေဒင်္ဂါး ပြန်ပေးသလို သင့်ရဲ့မိတ်ဆွေကုန်သည်ဆီက သင်ချေးယူထားတဲ့ ရူပီးငွေတစ်ထောင်ကိုလည်း သူ့ကိုပြန်ပေးလိုက်ပါ'' ဟု ပြောဆိုလိုက်လေသည်။

ဘာဘော၏စကားကို ကုန်သည်ကြီး၏သား ကြားသော် သူ့ဖခင်အား ''အဖေ..အဖေ့မိတ်ဆွေဆီက ချေးငွေကို အခုထိ

mgyoe.com

mgyoe.com



ပြန်မပေးသေးဘူးလား''ဟု စိတ်ဆိုးစွာဖြင့် ပြောဆိုလေသည်။

ထိုအခါ ကုန်သည်ကြီးက ဒေါသတကြီးဖြင့် ''မင်း.. တိတ်တိတ်နေစမ်း''ဟု ဟန့်တားသည်။ သို့သော် ဘာဘောက ကုန်သည်ကြီး၏သားအား သိသမျှကို ပြောပြရန် ဆိုသည်။ ကုန်သည်ကြီး၏သားက သူ့ဖခင်သည် မိတ်ဆွေကုန်သည်ထံမှ ရှူပီးငွေတစ်ထောင် ချေးယူပြီး မကြာမီ ငွေကို ပြန်လည်ပေးဆပ်ရန် ပြောဆို ကတိပေးခဲ့ကြောင်းဖြင့် မခြွင်းမချန် ပြန်လည်ပြောပြလေသည်။

ဘာဘောက ကုန်သည်အား ''သင့်သားက သင့်ထက်ပိုမိုရိုးသားတယ်။ သူ့ရဲ့ရိုးသားမှုကို သင်စံနမူနာယူပါ။ သင်ဟာ ရှူပီးငွေ ၁၅ တန်ဖိုးရှိတဲ့ ရွှေဒင်္ဂါးလေးကိုတောင် လိမ်ညာရယူခဲ့သေးတာ။ ဒီထက်ပိုမိုများတဲ့ ရှူပီးငွေတစ်ထောင်ဆို သင်ပိုလိုချင်မှာပေါ့။ သင် အမှန်အတိုင်းသာ ပြောပေတော့''ဟု ဆိုလေသည်။

ကုန်သည်ကြီးလည်း သူ့လိမ်ညာမှုကို မဖုံးကွယ်နိုင်တော့ဘဲ အမှန်ကို ဝန်ခံကာ ဒုတိယကုန်သည်ကြီးအား သူချေးယူခဲ့သော ရှူပီးငွေတစ်ထောင်ကို ပြန်လည် ပေးအပ်လိုက်လေသည်။

**[ The ghee merchants and the gold mohur. ]**

□

mgyoe.com

mgyoe.com

# နတ်သမီးနှင့် ဘာဘော

တစ်နေ့တွင် အက္ကဘာဘုရင်ကြီးသည် ပညာရှိအမတ်ကြီး ဘာဘောအား -

"ငါတွေ့ဘူးသမျှတွေထဲမှာ သင်ဟာ ဉာဏ်ပညာ အမြော်အမြင် အရှိဆုံးဖြစ်တယ်။ ဒါ့ကြောင့် ငါကိုယ်တော်မြတ် သင့်ကို တစ်တိုင်းတစ်ပြည်လုံး အံ့သြစေပြီး အရင်က တစ်ခါမျှ ပြုမူဆောင်ရွက်ဖူးခြင်းမရှိတဲ့ တစ်စုံတစ်ခု ပြုလုပ်တာကို မြင်တွေ့စေချင်တယ်"ဟု မိန့်ဆိုလေသည်။

အမတ်ကြီး ဘာဘောသည် အက္ကဘာဘုရင်ကြီး၏ စကားကို ကြားသော် ခေတ္တမျှစဉ်းစား၍ -

"အရှင်မင်းကြီး ဆန္ဒရှိတော်မူတယ်ဆိုရင် ကျွန်တော်မျိုးကြီး စွမ်းဆောင်နိုင်ပါတယ်။ ဒါပေမယ့် ပထမဆုံးလိုအပ်ချက်က ငွေပါပဲ။ အဲဒီလို လုပ်ငန်းဆောင်ရွက်ဖို့က ပထမဆုံး ငွေအနည်းငယ် လိုပါတယ်။ အဲဒီနောက် ဒီလုပ်ငန်းကို လုပ်ကိုင်ဖို့ တစ်နှစ်လောက် အချိန်ယူရပါမယ်"ဟု ပြန်လည် လျှောက်တင်လေသည်။

mgyoe.com

mgyoe.com



ဘုရင်ကြီးလည်း ဘာဘောတောင်းဆိုချက်ကို သဘောတူခွင့်ပြုလိုက်လေသည်။ သို့သော် ဘုရင်ကြီးက ဘာဘောအား ယခုပြုမူချက်သည် မည်သည့်အခါမျှ မကြားဖူးသော ပြုမူချက်ဖြစ်ရမည်ဟု ဆိုသည်။ ဘာဘောကလည်း သူ့လုပ်ရပ်သည် တစ်ခါမျှ မကြားဖူးသော ပြုမူဆောင်ရွက်ချက် ဖြစ်ရမည်ဟု ကတိပေးသည်။

မကြာမီ ဘုရင်ကြီး၏နားသို့ ဘာဘော ကွယ်လွန်သွားပြီဆိုသည့်သတင်းသည် ရောက်ရှိလာလေသည်။ ဘုရင်ကြီးသည် ထိုသတင်းကိုကြားသော် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ ထို့ကြောင့် ဘုရင်ကြီးသည် ထိုသတင်း မှန်မမှန်ကို သူကိုယ်တိုင် သွားရောက်ကြည့်ရှုသည်။ ထိုအခါ ဘာဘောသည် အမှန်တကယ်ပင် သေဆုံးလျက်ရှိနေသည်ကို ဝမ်းနည်းဖွယ် တွေ့ရှိရလေသည်။ ဘုရင်ကြီးသည် များစွာ စိတ်မချမ်းမသာဖြစ်သွားသည်။ ဘာဘောက ဘုရင်ကြီးထံတွင် သူသေလျှင် သူ့ဇနီး၊ သားသမီးများကို စောင့်ရှောက်ပေးပါဟူသော ကတိစကားကို တောင်းခံထားသည်ဖြစ်ရာ ဘုရင်ကြီးလည်း သူပေးထားသည့် ကတိစကားအတိုင်း ဘာဘော၏ ဇနီးနှင့် သားသမီးများကို စောင့်ရှောက်မည်ဖြစ်ကြောင်း မိန့်ဆိုလိုက်လေသည်။

နှစ်ရက်အကြာတွင် အက္ကဘာဘုရင်ကြီးသည် ဘာဘောကွယ်လွန်အနိစ္စ ရောက်ရှိသွားပြီဟူသော သတင်းကို တစ်တိုင်းတစ်ပြည်လုံးသို့ ကြေညာလေသည်။ ဘာဘောအား မနာလို မရှု

mgyoe.com

mgyoe.com



စိမ့်သူများက ဝမ်းသာသွားကြလေသည်။ သို့သော် အက္ကဘာဘုရင်ကြီးကမူ ပညာရှိကြီးတစ်ဦး ဆုံးရှုံးသွား၍ အလွန်ပင် ဝမ်းနည်းနေလေသည်။ ဘုရင်ကြီးသည် နန်းတော်၌ ဝမ်းနည်းခြင်း အထိမ်းအမှတ်ကို သုံးရက်ကြာကျင်းပရန် အမိန့်ထုတ်ပြန်လိုက်လေသည်။

ထိုသို့ဖြင့် လပေါင်းများစွာ ကြာသွားလေသည်။ တစ်နေ့တွင် အစောင့်စစ်သားတစ်ဦးသည် ရေးကြီးသုတ်ပျာဖြင့် နန်းတော်ထဲသို့ ပြေးလာသည်။ ဘုရင်ကြီးက-

"မောင်မင်း ဘာဖြစ်လာတာလဲ"ဟု မေးတော်မူသည်။

အစောင့်က ဘုရင်ကြီးအား ရှင်းပြမည်လုပ်နေစဉ်မှာပင် ဘာဘောသည် ခန်းမဆောင်ထဲသို့ လမ်းလျှောက်ဝင်လာလေသည်။ အားလုံးသော လူများက -

"အရှင်မင်းကြီး…ဘာဘော…ဘာဘော"ဟု တအံ့တသြ ပြောဆိုကြလေသည်။

"မောင်မင်း ဘာဘော အစစ်ဟုတ်ရဲ့လား"ဟု ဘုရင်ကြီးက မေးသည်။ ဘုရင်ကြီးနှင့်တကွ နန်းတွင်းသူနန်းတွင်းသားများသည် ဘာဘောအား အလွန်အံ့သြစွာ ကြည့်ရှုနေကြသည်။

ထိုအခါ ဘာဘောက "မှန်ပါ အရှင်မင်းကြီး ကျွန်တော်မျိုးဟာ ကွယ်လွန်သွားပြီး ကောင်းကင်ဘုံကို ရောက်ရှိသွားပါတယ်။ ကျွန်တော်မျိုးကို ကမ္ဘာမြေပြင်ပြန်ပြီး အရှင်မင်းကြီးထံပါးမှာ အမှုတော်ကိုထမ်းရွက်ဖို့ ခွင့်ပြုလိုက်တာနဲ့ ပြန်လည်ရောက်ရှိ

mgyoe.com

mgyoe.com



လာခြင်း ဖြစ်ပါတယ်''ဟု လျှောက်ထားသည်။

ဘုရင်ကြီးသည် ဘာဘော၏စကားကိုကြားသော် များစွာ နှစ်သက်သွားသည်။ ထို့ကြောင့် ဘာဘောအား အမှုထမ်းခွင့် ပြုလိုက်လေသည်။

ထို့နောက် ဘာဘောက ''အရှင်မင်းကြီးအတွက် ကျွန် တော်မျိုး ကောင်းကင်ဘုံက အလွန်ချော၊ အလွန်လှတဲ့ မင်းသမီး တစ်ပါးကို ခေါ်ဆောင်လာခဲ့ပါတယ်။ အဲဒီမင်းသမီးရဲ့ ဝတ်လဲ တော်တွေကို ကောင်းကင်ဘုံက ယူဆောင်လာခဲ့ပါတယ်။ ဟောဒီ မှာ အဝတ်အစားတွေပါ။ ဘယ်လောက်လှတယ်ဆိုတာ ကြည့်ရှု တော်မူပါ''ဟု ဆိုသည်။

ထိုအခါ ဘုရင်ကြီးက ''ဒီအဝတ်အစားတွေကို ဒီမှာ ထားခဲ့။ မောင်မင်းက ဘာဖြစ်လို့ မင်းသမီးကို စောင့်မခေါ်ခဲ့ ရတာလဲ''ဟု မေးသည်။

ဘာဘောက ''အရှင်မင်းကြီး ဒီမင်းသမီးကလေးဟာ ရိုးရိုးမင်းသမီးကလေး မဟုတ်ပါဘူး။ ကောင်းကင်ဘုံက မင်းသမီးကလေး ဖြစ်ပါတယ်။ မင်းသမီးကလေးကို နန်းတော်ကို လာရောက်ဖို့ ဖိတ်ကြားရပါမယ်။ ကျွန်တော်မျိုးတို့ဟာ သူ့ဆီ သွားပြီး ဒီကိုခေါ်ဆောင်လာခဲ့ရပါ့မယ်''ဟု ပြန်လည်လျှောက် တင်သည်။

အက္ကဘာဘုရင်ကြီးသည် မင်းသမီးကလေးအား အလွန် တွေ့ချင်မြင်ချင်နေလေသည်။ သို့သော် ဘာဘော၏ ပြောစကား

mgyoe.com

mgyoe.com



ကိုလည်း ယုံရအခက်၊ မယုံရအခက် ဖြစ်နေလေသည်။

ထို့နောက် ဘုရင်ကြီးသည် သူ၏ သက်တော်ရှည်အမတ်ကြီး 'ဒီဝန်'အား နောက်တော်ပါးများနှင့်တကွ ဘာဘောနှင့်အတူ မင်းသမီးကလေးထံသို့ စေလွှတ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ဖြင့် သူတို့အဖွဲ့သည် မင်းသမီးလေးထံသို့ ထွက်ခွာလာခဲ့ကြလေသည်။ မကြာမီ သူတို့သည် အလွန်လှပသော နန်းတော်ကြီးသို့ ရောက်ရှိလာကြသည်။ ထိုနန်းတော်ကြီးသည် အနီရောင်နှင့် ရွှေရောင်များ သုတ်လိမ်းထား၍ နန်းတော်ကြီး တစ်ခုလုံး ထွန်းလင်းတောက်ပနေသည်။ ဘာဘောသည် နန်းတော်တံခါးဝတွင် ရပ်၍...

"နန်းတော်ရဲ့ ခုနစ်ထပ်မြောက် ပြတင်းပေါက်ကို ကြည့်လိုက်ပါ။ ကျွန်ုပ် မင်းသမီးလေးကို ခေါ်လိုက်တဲ့အခါ မင်းသမီးကလေး ထွက်လာပါလိမ့်မယ်"ဟု ပြောဆိုသည်။

ထို့နောက် ဘာဘောသည် ပြတင်းပေါက်ဆီသို့ မျက်နှာမူကာ မင်းသမီးလေးကို အော်ခေါ်လိုက်သည်။ အမတ်ကြီး ဒီဝန်နှင့် နောက်တော်ပါများသည် ပြတင်းပေါက်မှ ထွက်လာမည့် မင်းသမီးလေးကို စေးစိုက်ကြည့်နေကြသည်။ သို့သော် မင်းသမီးလေးကား ပြတင်းပေါက်မှ ထွက်မလာခဲ့ချေ။

အမတ်ကြီးဒီဝန်က ဘာဘောသည် သူ့ကိုနောက်ပြောင်နေသည်ဟု ထင်မှတ်သွားသည်။ ထို့ကြောင့် သူသည် ဘာဘောအား...

mgyoe.com

mgyoe.com



“ဒီမှာမိတ်ဆွေ၊ ဒါက ဘာသဘောလဲ။ မင်းသမီးကလေး ဘယ်မှာလဲ”ဟု မေးသည်။

ထိုအခါ ဘာဘောက “အသင်တို့ကိုပြောဖို့ သတိမေ့သွားတာ တစ်ခုရှိပါတယ်။ ဒီမင်းသမီးကလေးဟာ ကောင်းကင်ဘုံကနတ်သမီးကလေးဖြစ်လို့ ဒီမင်းသမီးကလေးကို မြင်နိုင်သူဟာ' သူတော်ကောင်းသာ ဖြစ်ရပါ့မယ်။ ရိုးသားဖြောင့်မတ်သူသာ ဖြစ်ရပါ့မယ်။ ဒါ့ပြင် ဇနီးသည်ဟာလည်း လင်သားအပေါ် သစ္စာရှိသူ ဖြစ်ရပါ့မယ်။ ကဲ…ပြတင်းပေါက်ကို ထပ်ကြည့်လိုက်ပါဦး”ဟု ဆိုလိုက်သည်။

ဘာဘော၏ စကားသည် သူတို့ကို ထိသွားသည်။ ဒီဝန်သည် သူ့အား လူတိုင်းက မရိုးသား မဖြောင့်မတ်သူဟု အထင်အမြင်မခံချင်လိုပေ။ သူတော်ကောင်းဟုသာ အထင်ခံလိုသည်။ သူ့ဇနီးသည်အားလည်း မိန်းမကောင်းတစ်ယောက် မဟုတ်ဟု အထင်မခံလိုပေ။ ထို့ကြောင့် ဒီဝန်သည် ပြတင်းပေါက်သို့ ကြည့်ကာ…

“အို…ဟုတ်တယ်၊ ဟုတ်တယ်။ မင်းသမီးကလေး ပြတင်းပေါက်မှာရပ်နေတယ်။ တယ်ချောတယ်လှပါကလား”ဟု ပြောဆိုလိုက်လေသည်။

တခြားနန်းတွင်းသူ နန်းတွင်းသားများသည်လည်း သူတို့အား သူတော်ကောင်းဟု ထင်မှတ်လို၍ အမတ်ကြီးဒီဝန်၏ ပြောကြားချက်နှင့် ထပ်တူ ပြောဆိုကုန်ကြလေသည်။

mgyoe.com

mgyoe.com



မကြာမီ သူတို့သည် နန်းတော်သို့ ပြန်လည်ရောက်ရှိလာပြီး ဘုရင်ကြီးအား အလွန်လှပသော နန်းတော်ကြီးနှင့် မင်းသမီး ကလေးအကြောင်းကို ပြန်လည်လျှောက်တင်ကြလေသည်။

ထိုစကားကိုကြားသော် ဘုရင်ကြီးသည် များစွာနှစ်သက် တော်မူသွားသည်။ ထို့ကြောင့် မင်းခမ်းမင်းနားဖြင့် တောထဲသို့ ကြွချီရန် အမိန့်တော်မှတ်လိုက်လေသည်။

မကြာမီ သူတို့သည် အနီရောင်နှင့် ရွှေရောင်များ ထွန်း လင်းတောက်ပြောင်နေသည့် နန်းတော်ကြီးဆီသို့ ရောက်ရှိလာ ကြသည်။ ဘုရင်ကြီးသည် ဘာဘောညွှန်ပြရာ ပြတင်းပေါက်ဆီ သို့ ကြည့်လိုက်သည်။ ဘာဘောက…

"အရှင်မင်းကြီး ဟိုမှာတွေ့လား မင်းသမီးလေး။ အရှင် မင်းကြီးကို ငုံ့ကြည့်နေတယ်လေ"ဟု လျှောက်တင်သည်။ သို့ သော် အဏ္ဏဘာဘုရင်ကြီးသည် ပြတင်းပေါက်တွင် ဘာမျှမမြင် ရချေ။

ဘုရင်ကြီးက "ဘယ်မှာလဲ မင်းသမီး"ဟု ဘာဘောအား မေးသည်။

ထိုအခါ ဘာဘောသည် ဘုရင်ကြီးအား…

"အရှင်မင်းကြီးကိုပြောဖို့ သတိမေ့သွားတာ တစ်ခုရှိပါ တယ်။ ဒီမင်းသမီးကလေးဟာ ကောင်းကင်ဘုံက နတ်သမီး ကလေးဖြစ်လို့ တော်ရုံတန်ရုံလူဟာ သူ့ကို မမြင်နိုင်ပါဘူး။ သူတော်ကောင်းသာ တွေ့နိုင်ပါတယ်။ အဲဒီသူတော်ကောင်းဟာ

mgyoe.com

mgyoe.com


ရိုးသားတဲ့သူ၊ ဖြောင့်မှန်တဲ့သူ၊ ဇနီးသားမယားကလည်း သူ့အပေါ် သစ္စာရှိတဲ့သူ ဖြစ်ရပါ့မယ်။ ဒါမှသာ မင်းသမီးလေးကို မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်''ဟု ရှင်းလင်းလျှောက်တင်လေသည်။

အဏ္ဏဘာဘုရင်ကြီးသည် လူများက သူ့အား မရိုးသားမဖြောင့်မတ်သူ၊ မိဖုရားကြီး၏ သစ္စာဖောက်ဖျက်မှုကို ခံရသူဟူ၍ အထင်မခံလိုပေ။ ထို့ကြောင့် မင်းသမီးလေးအား မြင်ချင်ယောင်ဆောင်ကာ...

''ဟုတ်တယ်၊ ဟုတ်တယ်။ ငါကိုယ်တော်မြတ် မင်းသမီးကလေးကို တွေ့ပြီ၊ မြင်ရပြီ။ သိပ်ချော၊ သိပ်လှပါကလား''ဟု ဆိုလေသည်။ ထို့နောက် ဘုရင်ကြီးသည် နန်းတော်ထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။ ထိုအခါ ဘာဘောသည် ဘုရင်ကြီးအား...

''အရှင်မင်းကြီး ခေတ္တသည်းခံတော်မူပါ။ ဒီနန်းတော်ထဲဝင်ရင် ပထမဆုံး ကျွန်တော်မျိုးတို့ ဝတ်ဆင်ထားတဲ့ မြေပြင်က အင်္ကျီတွေကို ချွတ်ပြီး ကျွန်တော်မျိုးပေးတဲ့ နတ်ဝတ်တန်ဆာတွေကို ဝတ်ဆင်ရပါ့မယ်''ဟု လျှောက်တင်ကာ ဘုရင်ကြီးအား အကောင်းဆုံး ဝတ်လဲတော်များကို ပေးအပ်လေသည်။ အမတ်ကြီး ဒီဖိန်နှင့် နန်းတွင်းသူ နန်းတွင်းသားများကိုမူ လက်ထဲတွင် အဝတ်အစားများ တင်ထားဟန်ပြုကာ ပေးသည်။ သို့သော် လက်ထဲတွင် ဘာမျှမရှိချေ။ ဒီဝန်နှင့် နန်းတွင်းသူ နန်းတွင်းသားများသည် ဘာမျှမဆိုဝံ့ချေ။ အဝတ်အစားများကို မမြင်ဟုဆိုလျှင် သူတို့အား မရိုးဖြောင့်သူ၊ ဇနီးသည်သည် သစ္စာမရှိသူဟူ၍ ထင်မှတ်သွားမည်

mgyoe.com

mgyoe.com


ကို အလွန်စိုးရွံ့သည်။ ထို့ကြောင့် ဘာဘောက လက်ထဲတွင် ဘာမျှမရှိသော အဝတ်အထည်ကို ပေးဟန်ပြုသောအခါ အားလုံးက အဝတ်အထည်များကို တကယ်ရယူဟန်ဖြင့် လှမ်းယူလိုက်ကြလေသည်။ သို့သော် လက်ထဲတွင် ဘာမျှ ပါမလာချေ။

ထို့နောက် သူတို့သည် နဂိုက ဝတ်ဆင်ထားသော အဝတ်အစားများကို ချွတ်လိုက်ကြပြီး ဘာဘောပေးဟန်ပြုသည့် နတ်ဝတ်လဲတော်များကို ဝတ်ဆင်ဟန်ပြုလိုက်သည်။ သို့သော် အဝတ်အစားများမှာ ပါးစပ်ဖြင့်ပြောသည့် အဝတ်အစားများဖြစ်ပြီး တကယ့်အဝတ်အစားများ မဟုတ်၍ သူတို့ကိုယ်သည် အဝတ်မပါ။ ဗလာကိုယ်တည်း ဖြစ်၍နေလေသည်။ သူတို့သည် ရှက်ရှက်ဖြင့် အမတ်ကြီးဒီဝန်၏ရှေ့တွင် ရပ်လျက်နေကြသည်။

ထိုအချိန်တွင် ဘာဘောသည် မင်းသမီးကလေး၏ နန်းတော်ထဲသို့ တစ်ယောက်တည်း ဝင်သွားသည်။ ထို့နောက် ဝမ်းနည်းသော မျက်နှာဖြင့် ပြန်ထွက်လာသည်။ ဘာဘောသည် ဘုရင်ကြီးအား -


"အရှင်မင်းကြီး ကျွန်တော်မျိုး အရှင်မင်းကြီးကို ဘယ်လို လျှောက်တင်ရမှန်းတောင် မသိတော့ဘူး။ အလွန်ပဲ စိတ်ဝမ်းမကြည် မသာဖြစ်ရပါတယ်။ မင်းသမီးကလေးက ဒီအချိန်ဟာ နန်းတော်ထဲက ထွက်လာလို့ကောင်းတဲ့ အချိန်မဟုတ်ဘူးလို့ ထင်မှတ်နေတယ်"ဟု လျှောက်တင်လေသည်။

ဘာဘော၏ စကားကိုကြားသော် အဏ္ဏဘာဘုရင်ကြီး

mgyoe.com

mgyoe.com


သည် များစွာ စိတ်မချမ်းမြေ့ဖြစ်သွားသည်။ သို့သော် မင်းသမီးကလေးကို စိတ်မဆိုးရက်လိုပေ။ ထို့နောက် ဘုရင်ကြီးက -



"ကဲ…ငါတို့ နေပြည်တော်ကို ပြန်ကြစို့"ဟု မိန့်ဆိုကာ ဘုရင်ကြီးသည် သူ၏နန်းတော်သို့ ပြန်လည်ကြွချီလာခဲ့လေသည်။ အဏ္ဏဘာဘုရင်ကြီးနှင့် အမတ်ကြီးဘာဘောတို့၏ ကိုယ်ပေါ်၌သာ အဝတ်အစားများပါရှိ၍ တခြားလူများတွင် အဝတ်အစားများ လုံးဝမပါ ရှိကြပေ။

သူတို့သည် နေပြည်တော်နှင့် နီးလာသော် သတင်းအမျိုးမျိုးသည် ပျံ့နှံ့ရောက်ရှိလာခဲ့သည်။ တချို့က သူတို့အား ရူးသွပ်သွားပြီဟူ၍လည်းကောင်း၊ တချို့က သူတို့သည် ဓားပြတိုက်ခံရ၍

mgyoe.com

mgyoe.com


စားပြများက သူတို့၏ အဝတ်အစားများပါမကျန် ချွတ်ယူသွားကြသည်ဟူ၍လည်းကောင်း အမျိုးမျိုး ပြောဆိုနေကြသည်။ နောက်ဆုံးတွင် ကလေးတစ်ယောက်က အမတ်ကြီးဒီဝန်အား…

"အဝတ်မပါ ဒီဝန်ကြီး၊ အဝတ်မပါ ဒီဝန်ကြီး"ဟု အော်ဟစ် ပြောဆိုနေလေသည်။ တခြားကလေးများကလည်း သူနည်းတူ "ဒီဝန် ကြီးရှက်ဖွယ်၊ ရှက်ဖွယ်၊ နန်းတွင်းသားတွေ ရှက်ဖွယ် ရှက်ဖွယ်"ဟူ ၍ အော်ဟစ်လှောင်ပြောင်ရယ်မောကြလေသည်။

နောက်ဆုံးတွင် နန်းတွင်းသားတစ်ယောက်သည် အရှက်ကို ကြာရှည်စွာ မဖုံးကွယ်ထားနိုင်၍ အမတ်ကြီးဒီဝန်ဆီသို့သွားကာ…

"ကျွန်တော်မျိုးဟာ မျိုးရိုးညံ့ဖျင်းတဲ့သူ ဖြစ်ပါတယ်။ မရိုးသား မဖြောင့်မတ်တဲ့သူ ဖြစ်ပါတယ်။ ကျွန်တော်မျိုးရဲ့ ဇနီးဟာလည်း သစ္စာမရှိသူ ဖြစ်ပါတယ်။ ကျွန်တော်မျိုးဟာ မျိုးရိုးကောင်းသူ၊ ရိုးသားဖြောင့်မတ်သူ၊ ဇနီးက သစ္စာရှိသူလို့ အထင်ခံရအောင် မရှိတာကို အရှိလုပ်ခဲ့တာပါ။ မမြင်ပေမယ့်လည်း မြင်တယ်လို့ လိမ်ပြောခဲ့ပါတယ်။ မရှိတာကို အရှိလို့ ပြောဆိုခဲ့တယ်။ ကျွန်တော်မျိုးတို့ မင်းသမီးကလေးကို မမြင်ဘဲနဲ့ မြင်တယ်လို့ ပြောဆိုခဲ့တယ်မဟုတ်လား။ ကျွန်တော်မျိုးတို့ကိုယ်ပေါ်က အဝတ်အစားတွေချွတ်ပြီး ဘာမျှမရှိတဲ့ ပါးစပ်နဲ့ ဝတ်ဆင်ခိုင်းတဲ့ နတ်ဝတ်တန်ဆာတွေကို ဟန်လုပ်ဝတ်ဆင်ခဲ့ကြတယ် မဟုတ်လား။ အခုတော့ ကျွန်တော်မျိုးတို့ကို အရူးလို့ ထင်ကုန်ကြပြီ။ ကျွန်တော်

mgyoe.com

mgyoe.com



မျိုးတို့ကိုယ်ပေါ်မှာ ဘာရှိလို့လဲ ပြန်ကြည့်စမ်းပါ။ သိပ်ရှက်စရာကောင်းပါတယ်။ အမှန်မှာတော့ ဘာဘောဟာ ကျွန်တော်မျိုးတို့အားလုံးကို အရူးလုပ်ခဲ့တာပဲ။ နတ်သမီးဆိုတာလည်း ရှိတာမဟုတ်ဘူး။ နတ်ဝတ်တန်ဆာလည်း ရှိတာမဟုတ်ဘူး''ဟု ရင်ဖွင့်ပြောဆိုလေသည်။

နောက်ဆုံးတွင် နန်းတွင်းသား၏စကားကို အမတ်ကြီးဒီဝန်သည် သဘောတူလက်ခံကာ ဘုရင်ကြီးအား ပြန်လည်လျှောက်တင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ထိုအချိန်တွင် ဘာဘောသည် ဘုရင်ကြီးအား အမှန်ကိုဖွင့်ပြောရန် အချိန်ရောက်ပြီဆိုသည်ကို နားလည်လိုက်သည်။ ထိုသို့ဖြင့် ဘာဘောသည် ဘုရင်ကြီးထံသို့ သွားရောက်ကာ...

''အရှင်မင်းကြီး လွန်ခဲ့တဲ့ ရှစ်လခန့်က အရှင်မင်းကြီးက ကျွန်တော်မျိုးကို မိန့်ကြားခဲ့တဲ့စကား မှတ်မိသေးရဲ့လားဘုရား။ အရှင်မင်းကြီးက ကျွန်တော်မျိုးကို တစ်ခါမျှ မကြားဖူးတဲ့ ထူးဆန်းတဲ့ လုပ်ရပ်တစ်ခုခုကို လုပ်ပြဖို့ ခိုင်းစေခဲ့တာလေ''ဟု လျှောက်တင်လေသည်။

ထိုအခါ ဘုရင်ကြီးက ''ငါမှတ်မိသားပဲ။ ဒါပေမယ့် မင်းက သေပြီလေ''ဟု ပြန်ပြောသည်။

ဘာဘောက...

''ကျွန်တော်မျိုး အရှင်မင်းကြီး တစ်ခါမျှ မကြားဖူးတဲ့ လုပ်ရပ်တစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်မျိုးဟာ အမတ်ကြီး

mgyoe.com

mgyoe.com



ဒီဝန်နဲ့ နန်းတွင်းသားတွေကို အဝတ်ဗလာကိုယ်စီနဲ့ နေပြည်တော်ထဲမှာ လျှောက်လှမ်းစေခဲ့ပါတယ်။ ဒီလိုထူးဆန်းတဲ့အဖြစ်မျိုး ဘယ်သူက မြင်တွေ့သွားမှာလဲ။ ဒီလိုအဖြစ်အပျက်မျိုးလည်း ဘယ်တုန်းကမှ ကြားဖူးကြမှာ မဟုတ်ပါဘူး။ အခု အရှင်မင်းကြီး ကြားပြီမဟုတ်လား။ မြင်ပြီမဟုတ်လား။ အမှန်တော့ ကျွန်တော်မျိုးဟာ မသေဆုံးပါဘူး။ သေဟန်ဆောင်ပြီး ဒီလုပ်ရပ်ကို ဖန်တီးခဲ့တာပါ။ အဖြစ်မှန်ကို ကြားသိရင် သူတို့ ကျွန်တော်မျိုးကို စိတ်ဆိုးကြမှာ အမှန်ပဲ။ အရှင်မင်းကြီးက တာဝန်ယူဖြေရှင်းပေးစေချင်ပါတယ်"ဟူ၍ လျှောက်တင်လေသည်။

ဘာဘော၏စကားကိုကြားသော် အက္ကဘာဘုရင်ကြီးသည် အားရပါးရ ရယ်မောလိုက်လေသည်။

ထို့နောက် အက္ကဘာဘုရင်ကြီးသည် အမတ်ကြီး ဘာဘောအား -

"မောင်မင်းဟာ တော်တော်လည်း တတ်နိုင်ပေတယ်"ဟု ပြောဆိုလိုက်လေသည်။

**[ Birbal brings a Princess from heaven. ]**

❐

mgyoe.com